ISP-MYANMAR
www.ISPMyanmar.com

POLICY EDITORIAL
မူဝါဒဆိုင်ရာအာဘော် အမှတ်(၂)

30 August, 2021


Photo : AFP

# အာဆီယံအထူးကိုယ်စားလှယ်၏ ခရီးစဉ်
## ဆောင်ရွက်ရန် အကြံပြုချက်များနှင့် ချိန်ထိုးရမယ့် အညွှန်းစနစ်

**အနှစ်ချုပ်**

- အာဆီယံရဲ့ မြန်မာ့အရေး ဆောင်ရွက်မှုများအပေါ် မြန်မာပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုက နည်းပါးပါတယ်။ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်သူတွေကို စစ်ကောင်စီက ပစ်ခတ်ချေမှုန်းတာတွေ၊ ဖမ်းဆီးနှိပ်စက်မှုတွေနဲ့ ဒီဘက်နောက်ပိုင်း နှစ်ဖက်အပြန်အလှန် အကြမ်းဖက်မှုတွေကို ကြုံတွေ့နေရတဲ့ ပြည်သူအများစုဟာ ခါးသီးနာကျည်းမှုတွေ ပိုများနေတဲ့အတွက် လတ်တလောမှာ ကြားဝင်စေ့စပ်ရေး၊ ဆွေးနွေးဖြေရှင်းရေးတို့အတွက် အဆင်သင့်ဖြစ်သေးပုံ၊ ကြိုဆိုချင်သေးပုံ မရပါဘူး။ ဒီအချက်ကလည်း မြန်မာနိုင်ငံကို မကြာမီလာရောက်ပြီး မြန်မာ့အကျပ်အတည်းကို ဖြေရှင်းဖို့ကြိုးစားမယ့် အာဆီယံအထူးကိုယ်စားလှယ်ရဲ့ခရီးစဉ်အတွက် စိန်ခေါ်မှုတရပ်ပဲ ဖြစ်ပါတယ်။

- စစ်ကောင်စီဘက်ကရော၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဘက်ကပါ အာဆီယံအထူးကိုယ်စားလှယ်ရဲ့ ခရီးစဉ်ကို နိုင်ငံရေးအရ အထူး သတိထား နေတာကြောင့် ဒီခရီးစဉ်ဟာ နိုင်ငံရေးရလဒ် ကြီးကြီးမားမား ချက်ချင်း ထွက် ရေးထက် ယုံကြည်မှုတည်ဆောက်ရေးကိုပဲ ဦးစားပေးရမယ့် ခရီးစဉ် ဖြစ်ဖွယ် ရှိပါတယ်။ လက်ရှိ အထူးကိုယ်စားလှယ်သက်တမ်းဟာ ၂၀၂၁ ခုနှစ် အကုန် ထိသာ တိုတောင်းပေမယ့် ရှုပ်ထွေးလှတဲ့ မြန်မာ့အကျပ်အတည်းပြဿနာကို ဖြေရှင်းနိုင်ဖို့ဆိုရင်တော့ ရေရှည်အမြင်၊ အားထုတ်မှုနဲ့သာ ချဉ်းကပ်ဆောင် ရွက်ရပါမယ်။

- **အာဆီယံ အထူးကိုယ်စားလှယ်အနေနဲ့ ယုံကြည်မှုတည်ဆောက်ရေးအတွက် ဆောင်ရွက်ရမယ့်အချက်တွေထဲမှာ အာဆီယံ လူသားချင်းစာနာမှု အကူအညီ ပေးရေး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးစင်တာ (AHA) ကတဆင့် မြန်မာနိုင်ငံ အပေါ် လူသားချင်းစာနာမှု အကူအညီပေးအပ်ရေးကို စစ်ကောင်စီနဲ့ သဘော တူညီမှုရယူနိုင်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ခရီးစဉ်အတွင်း တွေ့ဆုံခွင့်ရရှိခြင်း၊ နိုင်ငံရေး အကျဉ်းသားများ ပြန်လွတ်မြောက်ရေးအတွက် ဆောင်ရွက်နိုင်ခြင်းတို့ဟာ အဓိကကျဖွယ်ရှိပါတယ်။** အဲဒီလို လတ်တလောကိစ္စတွေနဲ့အတူ အလယ် အလတ်နဲ့ ရေရှည်အတွက်ကတော့ အချိန်တန် ရင့်မှည့်လာတဲ့အခါ မြန်မာ နိုင်ငံတွင်းက တိုင်းပြည်ရဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်တဲ့ နိုင်ငံရေးပါတီ တွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) တွေပါ ပါဝင်တဲ့ ဘက်စုံ အင်အားစုအသီးသီးနဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းကို ဦး တည်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

- အာဆီယံအထူးကိုယ်စားလှယ်ရဲ့သက်တမ်းဟာ ဒီနှစ်ကုန်ရင် အပြောင်းအလဲ ရှိမှာကြောင့်ရော၊အာဆီယံအနေနဲ့မြန်မာ့အကျပ်အတည်း အောင်မြင်အောင် ဖြေရှင်းနိုင်ဖို့ တဖွဲ့တည်း စွမ်းဆောင်နိုင်ဖို့ရာ လုပ်ငန်းပိုင်း၊ စွမ်းရည်ပိုင်းနဲ့ အရင်းအမြစ်ပိုင်းအရပါ အကန့်အသတ်များစွာ ရှိနေတာကြောင့် တရုတ်၊ ဂျပန်၊ အိန္ဒိယအပါအဝင် ကုလသမဂ္ဂနဲ့ အနောက်နိုင်ငံကြီးတွေပါဝင်တဲ့ ပေါင်းစပ် ညှိနှိုင်းရေး ယန္တရားတခုကို ဖော်ဆောင်သင့်ပါတယ်။

- စစ်ကောင်စီအနေနဲ့ မကြာမီရင်ဆိုင်ရမယ့် ကမ္ဘာ့ကုလသမဂ္ဂမှာ ကိုယ်စားပြု ခွင့်အရေး အသာရချင်တာရော၊ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းမှာကျင်းပဖွယ်ရှိတဲ့ အာဆီယံထိပ်သီးအစည်းဝေးမှာ အပြကောင်းစေဖို့ရော၊ တရုတ်အပါအဝင် အင်အားကြီးနိုင်ငံတချို့ရဲ့ အတွင်းကျိတ်ဖိအားပေးမှုတွေ လျော့ပါးစေဖို့ရော၊ ကိုဗစ်-၁၉ အကျပ်အတည်းနဲ့ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် နိုင်ငံ

INFOGUIDE

## စစ်အာဏာသိမ်းပြီးနောက် အာဆီယံ၏ မြန်မာနိုင်ငံအပေါ်တုံ့ပြန်မှု

၂၀၂၁ ခုနှစ်

| | |
|---|---|
| ဖေဖော်ဝါရီ ၁ | အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက် |
| ဖေဖော်ဝါရီ ၅ | အာဆီယံလူ့အခွင့်အရေးကောင်စီ၏ ထုတ်ပြန်ချက် |
| ဖေဖော်ဝါရီ ၁၉ | အာဆီယံလွှတ်တော်ညီလာခံ၏ ထုတ်ပြန်ချက် |
| မတ် ၂ | အာဆီယံဝန်ကြီးများ အလွတ်သဘောအစည်းအဝေးအပြီး ထုတ်ပြန်ကြေညာချက် |
| ဧပြီ ၂၄ | အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး ကျင်းပ၊ ဘုံသဘောတူညီချက် ငါးချက်ထုတ်ပြန် |
| ဇွန် ၄ | အာဆီယံဥက္ကဋ္ဌ ဘရူနိုင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ် လာရောက် |
| ဩဂုတ် ၄ | ဘရူနိုင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒါတိုအီရီဝမ်ယူဆော့ဖ်ကို အထူးကိုယ်စားလှယ်အဖြစ် ရွေးချယ်၊ |

တကာ အထောက်အကူရစေဖို့အတွက်ရော အာဆီယံအထူးကိုယ်စားလှယ်ရဲ့ ခရီးစဉ်အတွင်း အလျှော့အတင်းတချို့ လုပ်ဖွယ်ရှိတယ်လို့ သုံးသပ်ရပါတယ်။ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုဘက်မှာတော့ လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်ကလွဲပြီး အခြားမရှိဘူးလို့ ခံယူသူများအနေနဲ့ တော်လှန်ရေးအတွက် ပြည်တွင်းပြည်ပ ပံ့အောထောက်ခံမှုရရှိရေးက ကြံ့ချိသဏ္ဌာန် တချောင်းတည်းသော ဦးတည်ရာဖြစ်ပြီး အထူးကိုယ်စားလှယ် ခရီးစဉ်ဟာစစ်ကောင်စီကိုအသိမှတ်ပြုရေးဖြစ်မသွားစေဖို့ပဲဦးစားပေးအာရုံစိုက်ဖွယ်ရှိပါတယ်။ သံတမန်ရေးနဲ့ နိုင်ငံရေးနည်းလမ်းစဉ်ကို အဓိက အားပြုလိုသူများနဲ့ ဒီလမ်းစဉ်ကို တွဲဖက်ဆောင်ရွက်ရမယ်လို့ ခံယူသူများအတွက်ကတော့ ဒီခရီးစဉ်ကနေ ပြည်သူများလိုလားချက်တွေ ပြည့်မြောက်ရေး လမ်းစပွင့်အောင် ဘယ်လိုဖန်တီးနိုင်မလဲဆိုတာ အနိမ့်ဆုံး နည်းနာတရပ်အဖြစ် ကြံဆအားထုတ်ကြဖွယ် ရှိပါတယ်။ ISP-Myanmar အနေနဲ့ ဒီလို ကြံဆ အားထုတ်မှုတွေအတွက် အထောက်အကူဖြစ်အောင် အကြံပြုချက်ငါးရပ်နဲ့ ချိန်ထိုးရမယ့်အညွှန်းစနစ်ကိုဒီမူဝါဒအာဘော်ဆောင်းပါးမှာဆွေးနွေးတင်ပြခြင်းဖြစ်ပါတယ်။

INFOGUIDE

## ဒေါ်အောင်ဆန်းစုကြည် ထိန်းသိမ်းခံထားရစဉ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော အထူးကိုယ်စားလှယ်များ၏ ခရီးစဉ်မှတ်တမ်းနှင့် ထူးခြားချက်အချို့

(ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့၏ ခရီးစဉ်များကိုလည်း ထည့်သွင်းထားသည်)

| | | |
|---|---|---|
| ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်အတွင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ရာဇလီ အစ္စမေးလ်သည် မြန်မာနိုင်ငံသို့ ကိုးကြိမ်ထက်မနည်း လာရောက်ခဲ့သည်။ | ၂၀၀၀-၂၀၀၂ | အဆိုပါကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့် မရခဲ့သည့်အပြင် ထူးခြားချက် တစုံတရာလည်း မရှိခဲ့ပေ။ |
| ၂၀၀၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ရာဇလီ အစ္စမေးလ်သည် မြန်မာနိုင်ငံသို့ သုံးကြိမ် လာရောက်ခဲ့သည်။ | ၂၀၀၃-၂၀၀၄ | ၂၀၀၃ ခုနှစ် ဇွန်က လာရောက်ခဲ့သော ရာဇလီ အစ္စမေးလ်၏ ခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရခဲ့သည်။ ၂၀၀၃ ခုနှစ် စက်တင်ဘာနှင့် ၂၀၀၄ ခုနှစ် မတ်တွင် လာရောက်ခဲ့သော ခရီးစဉ်များတွင်မူ တွေ့ခွင့်မရခဲ့ပေ။ |
| ၂၀၀၆ ခုနှစ် မတ်တွင် အာဆီယံ အထူးကိုယ်စားလှယ်အဖြစ် မလေးရှားနိုင်ငံခြားရေးဝန်ကြီး Syed Hamid Albar လာရောက်ခဲ့သည်။ | ၂၀၀၆ | ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့် ငြင်းပယ်ခံရသည်။ |
| ၂၀၀၇ ခုနှစ် နိုဝင်ဘာတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အကြံပေး ဂမ်ဘာရီ လာရောက်ခဲ့သည်။ | ၂၀၀၇ | ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရခဲ့သည်။ ထို့အပြင် ၎င်း၏ ခရီးစဉ်အပြီးတွင် အကျဉ်းကျနေသူ ၈,၅၀၀ ကျော်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ |
| ၂၀၀၈ ခုနှစ် မတ်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အကြံပေး ဂမ်ဘာရီ လာရောက်ခဲ့သည်။ | ၂၀၀၈ | ဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ကြိမ် တွေ့ဆုံခွင့်ရခဲ့သည်။ |
| ၂၀၀၈ ခုနှစ် မေတွင် အာဆီယံ အတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝမ် လာရောက်ခဲ့သည်။ | | ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်မရခဲ့။ |
| ၂၀၀၈ ခုနှစ် မေတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း လာရောက်ခဲ့သည်။ | | ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်မရခဲ့။ |
| ၂၀၀၈ ခုနှစ် ဩဂုတ်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အကြံပေး ဂမ်ဘာရီ လာရောက်ခဲ့သည်။ | | ၎င်း၏ခရီးစဉ်အပြီးတွင် အကျဉ်းကျနေသူ ၉,၀၀၀ ကျော်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ |
| ၂၀၀၉ ခုနှစ် ဇူလိုင်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း လာရောက်ခဲ့သည်။ | ၂၀၀၉ | ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့် ငြင်းပယ်ခံခဲ့ရသည်။ |
| ၂၀၀၉ ခုနှစ် စက်တင်ဘာတွင် အာဆီယံ အထူးကိုယ်စားလှယ်အဖြစ် မလေးရှားနိုင်ငံခြားရေးဝန်ကြီး Syed Hamid Albar လာရောက်ခဲ့သည်။ | | ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်မရခဲ့ပေ။ ၎င်း၏ခရီးစဉ်အပြီးတွင် အကျဉ်းကျနေသူ ၇,၀၀၀ ကျော်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ |
| ၂၀၁၀ ပြည့်နှစ် ဇူလိုင်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ဗီဂျေနမ်ဗီးယား လာရောက်ခဲ့သည်။ | ၂၀၁၀ | ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့် ရခဲ့သည်။ |

ရင်းမြစ် - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## နိဒါန်း

အာဏာသိမ်းမှု နောက်ဆက်တွဲ မြန်မာ့နိုင်ငံရေး အကျပ်အတည်းကို ဖြေရှင်းရာမှာ အင်အားကြီးနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ အမေရိကန်၊ အိန္ဒိယတို့အပြင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတို့ကပါ အာဆီယံရဲ့ ဦးဆောင်ကိုင်တွယ်မှုကို ထောက်ခံထားကြပါတယ်။ မြန်မာ့အရေး ကိုင်တွယ်ဖြေရှင်းရာမှာ အာဆီယံနိုင်ငံများအတွင်း သဘောထားကွဲလွဲမှု၊ ဘက်မညီမှု၊ မတူညီတဲ့ မူဝါဒရပ်တည်ချက်များကြောင့် ရှေ့ကိုမရောက်နိုင်ဘဲ အကျပ်ရိုက်မှုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့် မြန်မာ့အရေးကို ဦးဆောင်ဖြေရှင်းဖို့ အထူးကိုယ်စားလှယ် ရွေးချယ်ရာမှာလည်း လေးလနီးပါး ကြာမြင့်ခဲ့ပြီးနောက်မှာ ဘရူနိုင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒါတိုအီရီဝမ်ယူဆော့ဖ်ကို ရွေးချယ်ခဲ့ပါတယ်။ ဒါတိုအီရီဝမ်ယူဆော့ဖ်ဟာ ဇွန်လဆန်းတုန်းက နေပြည်တော်မှာ အာဏာသိမ်းစစ်ခေါင်းဆောင်ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဥက္ကဋ္ဌလို့ သုံးနှုန်းမိတာကြောင့် တရားဝင် အသိအမှတ်ပြုမှုဆိုတဲ့ အငြင်းပွားဖွယ်ရာဖြစ်ပြီး ဝေဖန်ခံခဲ့ရသူပါ။ အာဆီယံအဖွဲ့ ဥက္ကဋ္ဌဖြစ်ပေမဲ့ သံခင်းတမန်ခင်းမှာအတွေ့အကြုံနည်းပြီး မြန်မာ့အရေး ဖြေရှင်းရေးမှာ တက်တက်ကြွကြွမရှိခဲ့တဲ့ ဘရူနိုင်းနိုင်ငံက ဦးဆောင်ကိုယ်စားလှယ် ဖြစ်လာတာဟာ မြန်မာ့အရေး ဖြေရှင်းပေးမယ့် အာဆီယံရဲ့အခန်းကဏ္ဍကို အယုံအကြည်နည်းနေတဲ့ မြန်မာပြည်သူအများစုအတွက်တော့ စိတ်ပျက်စရာပါပဲ။

မကြာခင်မှာ မြန်မာနိုင်ငံကို လာရောက်ဖို့ ရှိနေတဲ့ အာဆီယံအထူးကိုယ်စားလှယ် ဒါတိုအီရီဝမ်ယူဆော့ဖ်က သူ့ရဲ့ခရီးစဉ်အတွင်း မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုတွေ ရပ်တန့်ဖို့၊ ပါဝင်ဘက်တွေအားလုံးနဲ့ တွေ့ဆုံဆွေးနွေးခွင့် ရစေရမယ်လို့ ကတိကဝတ် ပြုထားပါတယ်။ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) အနေနဲ့လည်း အာဆီယံအပေါ် ယုံကြည်မှုကျဆင်းနေပြီး ဒီခရီးစဉ်ဟာ ကုလသမဂ္ဂ အထွေထွေညီလာခံမတိုင်ခင် ရုပ်ပြလာရောက်တဲ့ သဘောသာဖြစ်တယ်ဆိုတဲ့ သုံးသပ်ချက်တချို့ရှိပါတယ်။

တချိန်တည်းမှာပဲ စစ်ကောင်စီဘက်က မကြာမီ ရင်ဆိုင်ရမယ့် ကမ္ဘာ့ကုလသမဂ္ဂရဲ့ ကိုယ်စားပြုခွင့်အရေးမှာရုပ်ပြကောင်းပြီးအသာရချင်တာ၊စစ်ကောင်စီဥက္ကဋ္ဌကိုယ်တိုင် တက်ရောက်ဖွယ်ရှိတဲ့ ၂၀၂၁ ခုနှစ် အာဆီယံ ထိပ်သီးအစည်းအဝေးမှာလည်း မျက်နှာပြကောင်းချင်တာ၊ တရုတ်အပါအဝင် အင်အားကြီးနိုင်ငံတချို့ရဲ့ အတွင်းကျိတ် ဖိအားပေးမှုတွေကို လျော့ပါးစေချင်တာ၊ ကိုဗစ်-၁၉ အကျပ်အတည်းနဲ့ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် နိုင်ငံတကာအထောက်အကူ ရချင်တာတွေကြောင့်လည်း အာဆီယံ အထူးကိုယ်စားလှယ်ရဲ့ ခရီးစဉ်အတွင်း စစ်ကောင်စီက အလျှော့အတင်းတချို့ လုပ်ဖွယ်ရှိနိုင်တယ်လို့ သုံးသပ်ရပါတယ်။

တခါ မြန်မာ့အရေး အာဆီယံခေါင်းဆောင်များရဲ့ဘုံသဘောတူညီချက်တွေ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့အတွက် ရေတိုနဲ့မပြီးဘဲ ရေရှည်ဆောင်ရွက်ရမယ်၊ ပထမအဆင့်အနေနဲ့ ယုံကြည်မှုတည်ဆောက်တဲ့ လုပ်ငန်းစဉ်တွေကို ရလဒ်ထွက်အောင် စတင်ဆောင်ရွက်ရမယ်၊ အချိန်တန် ရင့်မှည့်တဲ့အခါ မြန်မာနိုင်ငံတွင်းက တိုင်းပြည်ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်တဲ့ ဘက်စုံအင်အားစုအသီးသီးနဲ့ တွေ့ဆုံဆွေးနွေး

INFOGUIDE

## မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရန် ကတိပြုမှု

**ကမ္ဘောဒီးယား**
အမေရိကန်ဒေါ်လာ
၁၀၀,၀၀၀

**ဖိလစ်ပိုင်**
အမေရိကန်ဒေါ်လာ
၁၀၀,၀၀၀

**စင်ကာပူ**
အမေရိကန်ဒေါ်လာ
၁၀၀,၀၀၀

**ထိုင်း**
အမေရိကန်ဒေါ်လာ
၂၀၀,၀၀၀

**ဗီယက်နမ်**
အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀
(ဆေးနှင့်ဆေးပစ္စည်းအကူအညီ)

**ဩစတြေးလျ**
ဩစတြေးလျဒေါ်လာ ၅ သန်း
(အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်းကျော်နှင့်ညီမျှသော အကူအညီနှင့် နည်းပညာကျွမ်းသူများ၏ အကူအညီ)

**ဥရောပသမဂ္ဂ**
ယူရို ၃၇၀,၀၀၀
(အမေရိကန်ဒေါ်လာ ၄၃၂,၇၇၀ နှင့်ညီမျှသော)

**ဗြိတိန်**
အမေရိကန်ဒေါ်လာ
၁၀၀,၀၀၀

၂၀၂၁ ခုနှစ် ဩဂုတ် ၁၈ ရက်က ပြုလုပ်ခဲ့သော အာဆီယံ အစည်းအဝေးတရပ်တွင် မြန်မာ့အရေး အာဆီယံခေါင်းဆောင်များ အထူးအစည်းအဝေး၌ သဘောတူခဲ့သော ဘုံသဘောတူညီချက် ငါးရပ်တွင် နံပါတ်လေးအချက်အနေဖြင့် ပါဝင်သည့် 'အာဆီယံ လူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးစင်တာမှတဆင့် အကူအညီပေးရန်' ကိစ္စအတွက် လှူဒါန်းမည့် ပမာဏများကို ဖော်ပြခဲ့သည်။ အဆိုပါအစည်းအဝေးတွင် ငွေသားအပါအဝင် ဆေးနှင့် ဆက်စပ်ပစ္စည်းများ၊ စက်ကိရိယာများအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ရှစ်သန်းနီးပါးကို မြန်မာအား လှူဒါန်းရန်လည်း သဘောတူခဲ့သည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ အထူးကိုယ်စားလှယ် ဒါတိုအီရီဝမ်ယူဆော့ဖ်လည်း တက်ရောက်ခဲ့သည်။

ရင်းမြစ် - Reporting ASEAN

ဖြေရှင်းနိုင်ခြင်းရှိရမယ်၊ ဒီလို ဖြေရှင်းနိုင်ရေးအတွက် အာဆီယံအနေနဲ့ တရုတ်၊ အိန္ဒိယ၊ ဂျပန် စတဲ့ ဒေသတွင်းနိုင်ငံတွေအပြင် ကုလသမဂ္ဂနဲ့ အနောက်နိုင်ငံကြီးတွေပါ ပါဝင်တဲ့ ပေါင်းစပ်ညှိနှိုင်းရေး ယန္တရားတခုကို ဖော်ထုတ်နိုင်ရမယ်စသဖြင့် အကြောင်းအချက်အများအပြား ပြည့်စုံဖို့ လိုအပ်လှပါတယ်။

## အာဆီယံ၏ မြန်မာ့အကျပ်အတည်းဖြေရှင်းရေး အားထုတ်မှုနှင့် အထူးကိုယ်စားလှယ် အခန်းကဏ္ဍ

အာဆီယံ အထူးကိုယ်စားလှယ် ခန့်အပ်တာဟာ မြန်မာ့အကျပ်အတည်း ဖြေရှင်းရေးအတွက် ပြီးခဲ့တဲ့ ဧပြီလတုန်းက ပြုလုပ်ခဲ့တဲ့ အာဆီယံခေါင်းဆောင်များ အထူးအစည်းအဝေးရဲ့ရလဒ်တခုဖြစ်ပါတယ်။ ဒီအစည်းအဝေးဟာ နှစ်ပေါင်း ၅၄ နှစ်အတွင်း ပထမဆုံးအဖြစ် အဖွဲ့ဝင်နိုင်ငံတခုရဲ့ပြဿနာကို ထိပ်သီးအစည်းအဝေး ခေါ်ယူပြီး အဖြေရှာဖို့ ကြိုးပမ်းခဲ့တာ ဖြစ်ပါတယ်။ အဲဒီအစည်းအဝေးမှာ သဘောတူညီချက် ငါးရပ်ထွက်ခဲ့ပါတယ်။

ဘုံသဘောတူညီချက် ငါးရပ်က -

၁။ အကြမ်းဖက်မှုတွေ ချက်ချင်းရပ်တန့်ဖို့
၂။ ပါဝင်ဘက်အားလုံး အပြုသဘောဆောင်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဖို့
၃။ အထူးကိုယ်စားလှယ်ခန့်အပ်ပြီး ကြားဝင်ညှိနှိုင်းပေးဖို့
၄။ အာဆီယံ လူသားချင်းစာနာမှုအကူအညီပေးရေး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးစင်တာ ကနေတဆင့် အကူအညီတွေပေးဖို့
၅။ အထူးကိုယ်စားလှယ်နဲ့အဖွဲ့ မြန်မာနိုင်ငံကိုသွားရောက်ဖို့တို့ ဖြစ်ပါတယ်။

ဒီအချက်တွေထဲက နံပါတ်(၃)အချက်ဖြစ်တဲ့ အထူးကိုယ်စားလှယ်ခန့်အပ်ဖို့ တခုတည်းတင် လေးလ ကြာခဲ့ပါတယ်။ အာဆီယံဟာ ဥရောပသမဂ္ဂ(အီးယူ)၊ အာဖရိကသမဂ္ဂ(အေယူ) တို့လို ဒေသဆိုင်ရာ အဖွဲ့အစည်းဖြစ်ပေမဲ့ အဲဒီအဖွဲ့အစည်းတွေလောက် စုဖွဲ့မှု အားမကောင်းပါဘူး။ ဒါ့အပြင် အာဆီယံမှာ ဆုံးဖြတ်ချက်တိုင်းအတွက် အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ သဘောတူညီမှုလိုအပ်သလို တနိုင်ငံချင်းစီရဲ့ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရဘူးဆိုတဲ့ မူကလည်း ရှိနေပါတယ်။

INFOGUIDE

## မြန်မာ့အရေး အာဆီယံ၏ တုံ့ပြန်ဆောင်ရွက်မှုများ (၂၀၀၃-၂၀၁၀)

**၂၀၀၄**

မြန်မာစစ်တပ်အနေဖြင့် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု မလုပ်ပါက နိုင်ငံတကာ၌ ကာကွယ်ပေးတော့မည်မဟုတ်ကြောင်း အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော မလေးရှားပြောကြား (မလေးရှား နိုင်ငံခြားရေးဝန်ကြီး ခရီးစဉ်ကို အာဆီယံဥက္ကဋ္ဌအဖြစ် လာရောက်ရန် ငြင်းဆို၊ ဒေါ်အောင်ဆန်းစုကြည်၊ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့နှင့် တွေ့ဆုံခွင့်မပေးခဲ့)။

**၂၀၀၅**

၂၀၀၃ ခုနှစ် ဒီပဲယင်းအရေးအခင်းနောက်ပိုင်း သိသာသောနိုင်ငံရေး တိုးတက်ပြောင်းလဲမှု မရှိသဖြင့် မြန်မာနိုင်ငံအား အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်မယူရန် ဖိအားပေး။ (နအဖအစိုးရက အလှည့်ကျဥက္ကဋ္ဌရာထူးကို စွန့်လွှတ်ခဲ့)

**၂၀၀၇**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ good office process ကို အာဆီယံထောက်ခံ။ စင်ကာပူနိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားချိန်တွင် မြန်မာ့အရေးကို တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ စသည့် အင်အားကြီးနိုင်ငံများပါဝင်သော အခင်းအကျင်းဖြင့် ဆွေးနွေးရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့။ အရှေ့အာရှ ထိပ်သီးဆွေးနွေးပွဲ၌ ကုလအထူးကိုယ်စားလှယ် မစ္စတာ မ်ဘာရီအား ဖိတ်ခေါ်ပြီး စကားပြောစေရန် စင်ကာပူက စီစဉ်ခဲ့သော်လည်း မြန်မာဘက်မှ ကန့်ကွက်ခဲ့။ ထိပ်သီးအစည်းဝေးပွဲအပြီးတွင် ထုတ်ပြန်သော ဥက္ကဋ္ဌကြေညာချက်တွင် အာဆီယံအနေဖြင့် မြန်မာ့နိုင်ငံ၏ဆန္ဒကို လေးစားကြောင်းနှင့် ကုလသမဂ္ဂ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးတွင် အာဆီယံအနေဖြင့် ကြားဝင်ပေးတော့မည် မဟုတ်ကြောင်း ဖော်ပြ။

**၂၀၀၈**

နာဂစ်အတွက် ကူညီရန် နိုင်ငံတကာ ကယ်ဆယ်ရေးလုပ်သားများကို မြန်မာနိုင်ငံကလက်ခံရန် ငြင်းဆန်သဖြင့် အာဆီယံအနေဖြင့် ပြန်လည် ကြားဝင်ခဲ့ရ။ အာဆီယံ၏ ဦးစီးဦးဆောင်ပြုမှုဖြင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး သုံးပွင့်ဆိုင်ယန္တရား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့။

**၂၀၀၈**

ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးခြင်းဖြင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် တောင်းဆိုခဲ့ (နအဖက NLD မပါသော ရွေးကောက်ပွဲကို တဖက်သတ်ကျင်းပပြီး စစ်တပ်ထောက်ခံသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အများစု အနိုင်ရခဲ့)။

**၂၀၀၉**

နေအိမ်အကျယ်ချုပ်စည်းမျဉ်းများကို ဖောက်ဖျက်သည်ဟုစွပ်စွဲကာ ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုချိန်တွင် အာဆီယံဥက္ကဋ္ဌက ကြေညာချက်ထုတ်ပြီး အမြန်ဆုံးလွှတ်ပေးရန် တောင်းဆိုခဲ့ (နအဖမှ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်သက်တမ်း ထပ်မံတိုးမြှင့်ခဲ့)။

ရင်းမြစ် - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

မြန်မာမှာဖြစ်ခဲ့တဲ့ အာဏာသိမ်းမှုအပေါ်မှာ အာဆီယံနိုင်ငံတွေရဲ့ တုံ့ပြန်ပုံတွေက မတူညီကြပါဘူး။ အထူးသဖြင့် မြန်မာစစ်ခေါင်းဆောင်တွေနဲ့ ရင်းနှီးတဲ့ ထိုင်း၊ ကွန်မြူနစ် စနစ်ကျင့်သုံးတဲ့ ဗီယက်နမ်နဲ့ လာအို၊ အာဏာရှင်ခေါင်းဆောင်အုပ်ချုပ်တဲ့ ကမ္ဘောဒီးယားတို့ဟာ အဖွဲ့ဝင်နိုင်ငံတခုရဲ့ ပြည်တွင်းရေးကို ဝင်မစွက်ဖက်ဘူးဆိုတဲ့မူကို ကိုင်စွဲထားပြီး စစ်တပ်ကို အသိမှတ်ပြုတဲ့ဘက်ကို ယိမ်းကြပါတယ်။ ဖိလစ်ပိုင်ကလည်း မြန်မာ့အရေးဟာ ပြည်တွင်းရေးသာဖြစ်တယ်လို့ပြောပြီး ဆက်တိုက် နှုတ်ဆိတ်ခဲ့ပါတယ်။ အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှားတို့ကတော့ အရပ်သားတွေအပေါ် စစ်တပ်က အင်အားသုံး ဖိနှိပ် သတ်ဖြတ်တာတွေကို ပြစ်တင်ရှုတ်ချပြီး လူ့အခွင့်အရေး မြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနဲ့ လူမှုတရားမျှတမှုမြှင့်တင်ခြင်းတို့ လုပ်ဆောင်ဖို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများရဲ့ပဋိညာဉ်စာတမ်းပါ ကတိကဝတ်တွေကို ထောက်ပြရင်း ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်သွားဖို့ တိုက်တွန်းကြပါတယ်။

မြန်မာ့အရေးဖြေရှင်းဖို့ အထူးကိုယ်စားလှယ်ခန့်အပ်တဲ့ ကိစ္စမှာလည်း အဖွဲ့ဝင်နိုင်ငံတွေကြားမှာ အမြင်ကွဲပြားမှုတွေ ရှိခဲ့ပါတယ်။ ကျွန်းဆွယ်နိုင်ငံတွေဖြစ်ကြတဲ့ မလေးရှား၊ စင်ကာပူနဲ့ အင်ဒိုနီးရှားတို့က မြန်မာ့အရေးမှာ အယူအဆပိုင်းဆိုင်ရာ အခိုင်မာဆုံးဖြစ်တဲ့ အင်ဒိုနီးရှားကိုယ်စားလှယ်ကို ခန့်အပ်တာဝန်ပေးချင်ပါတယ်။ အာရှကုန်းမကြီးနိုင်ငံတွေဖြစ်တဲ့ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်တို့ကတော့ ထိုင်းကိုယ်စားလှယ်ကို ခန့်အပ်ချင်ပါတယ်။ အကျေအလည် ဆွေးနွေးပြီးတဲ့ နောက်မှာ လက်ရှိ အာဆီယံဥက္ကဋ္ဌတာဝန်ယူထားတဲ့ ဘရူနိုင်းနိုင်ငံက ကိုယ်စားလှယ်ကိုပဲ တာဝန်ပေးလိုက်ပါတယ်။

အာဆီယံအထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခံရတဲ့ ဘရူနိုင်း ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဒါတိုအီရီဝမ်ယူဆော့ဖ်ဟာ အာဆီယံသမိုင်းမှာ မြန်မာ့အရေးအတွက် ဒုတိယမြောက်ခန့်အပ်တဲ့ အထူးကိုယ်စားလှယ် (Special Envoy) ဖြစ်လာပါတယ်။ သူ့မတိုင်ခင် ၂၀၀၆ ခုနှစ်တုန်းက မလေးရှားနိုင်ငံခြားရေးဝန်ကြီး Syed Hamid Albar ဟာ အာဆီယံကတာဝန်ပေးတဲ့ ကိုယ်စားလှယ် (Envoy) အဖြစ်နဲ့ မြန်မာနိုင်ငံကို လာခဲ့ဖူးပါတယ်။ အဲဒီတုန်းက မြန်မာစစ်ခေါင်းဆောင်တွေနဲ့ တိုက်ရိုက် ဆက်ဆံရေးလမ်းကြောင်းဖွင့်ဖို့ အာဆီယံကကြိုးပမ်းခဲ့တဲ့ လုပ်ဆောင်ချက်တခုပါ။ သိသာ ထင်ရှားတဲ့ အောင်မြင်မှုတော့ မရခဲ့ပါဘူး။

အခု အထူးကိုယ်စားလှယ်ဖြစ်လာတဲ့ ဘရူနိုင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒါတိုအီရီဝမ်ယူဆော့ဖ် ဆောင်ရွက်ရမယ့် အချက်သုံးချက်က လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး၊ အကြမ်းဖက်မှုတွေရပ်တန့်ရေး၊ နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းဖို့အတွက် ဘက်စုံအဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာဖို့ ကြားခံတိုက်တွန်းညှိနှိုင်းရေးတို့ပဲ ဖြစ်ပါတယ်။ ဘယ်လောက်အောင်မြင်အောင် လုပ်နိုင်မလဲ မသေချာပေမဲ့ တစုံတရာထိရောက်အောင် လုပ်လိုတဲ့စိတ်ဆန္ဒကိုတော့ မြင်ရပါတယ်။ ဒါပေမဲ့ သူ့မှာ အချိန်ကန့်သတ်ချက်ရှိပြီး ဒီနှစ်ကုန်ရင် အထူးကိုယ်စားလှယ်ရာထူးကို လက်လွှဲရဖို့ ရှိနေပါတယ်။ အထူးကိုယ်စားလှယ်ရာထူးကို အာဆီယံဥက္ကဋ္ဌ တာဝန်ယူ

ထားတဲ့ နိုင်ငံနဲ့ ချိတ်ဆက်ထားတာကြောင့် နောက်လာမယ့် အထူးကိုယ်စားလှယ်ဟာ ၂၀၂၂ ခုနှစ်အတွက် အာဆီယံ အလှည့်ကျဥက္ကဋ္ဌရာထူးယူမယ့် ကမ္ဘောဒီးယားက ဖြစ်လာနိုင်ပါတယ်။ မြန်မာ့အရေးအတွက် အာဆီယံအထူးကိုယ်စားလှယ်ဟာ တဦးတည်း၊ တသမတ်တည်း ရှိမနေတာကြောင့် အာဆီယံအနေနဲ့ အင်ပြည့်အားပြည့် ဆောင်ရွက်နိုင်မလားဆိုတာ စိုးရိမ်စရာဖြစ်ပါတယ်။

တဖက်မှာလည်း မြန်မာပြည်သူတွေဟာ အာဆီယံရဲ့ကြားဝင်မှုအပေါ် ယုံကြည်မှုနိမ့်ပါးနေတာကို အထင်အရှားတွေ့ရပါတယ်။ မကြာသေးခင်တုန်းကလည်း ၄၂ ကြိမ်မြောက် အာဆီယံလွှတ်တော်ညီလာခံကို တက်ရောက်ဖို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ရဲ့ ကမ်းလှမ်းမှုကို အာဆီယံက တုံ့ပြန်ခဲ့တာ မရှိပါဘူး။ ဒါပေမဲ့ စစ်ကောင်စီဘက်က ကိုယ်စားလှယ်တဦးကိုတော့ လေ့လာသူအဖြစ် တက်ခွင့်ပေးခဲ့ပါတယ်။ ဒီအချက်ကလည်း အာဆီယံအပေါ် မြန်မာပြည်သူတွေရဲ့ ယုံကြည်မှု ပိုမိုကျဆင်းစေခဲ့ပါတယ်။ဒါကိုကြည့်ခြင်းအားဖြင့်လည်း မြန်မာ့အရေးကြားဝင်စေ့စပ်ပေးဖို့

INFOGUIDE

**တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက အာဆီယံအထူးကိုယ်စားလှယ် ဒါတိုအီရီဝမ်ယူဆော့ဖ်အား ပြောခဲ့သည့် အကြံပြုချက်လေးချက်**

၁ မြန်မာနိုင်ငံရှိ အင်အားစုအားလုံးနှင့် ကျိုးကြောင်းဆီလျော်စွာ လက်တွေ့ကျကျ ထိတွေ့ဆက်ဆံ၍ တဖြည်းဖြည်းချင်း ယုံကြည်မှုတည်ဆောက်ရန်။

၂ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ တိုက်ဖျက်မှုကို ဦးစားပေးအဖြစ် ကူညီ၍ ရောဂါကပ်ဘေး တိုက်ဖျက်မှုအကူအညီများ သေချာရရှိနိုင်ရေး၊ ထိရောက်စေရေး ဆောင်ရွက်ရန်။

၃ သည်းခံစိတ်ရှည်မှု၊ စိတ်ပိုင်းဖြတ်မှုထား၍ တွေ့ဆုံဆွေးနွေးမှုများမှတဆင့် ငြိမ်းချမ်းရေး မြှင့်တင်ဆောင်ရွက်ရေး လမ်းကြောင်းကို တစိုက်မတ်မတ် ကိုင်စွဲထားရန်။ နိုင်ငံတော်အာဏာကို ပြည်သူများထံ စနစ်တကျ ပြန်လည်အပ်နှင်း၍ ဒီမိုကရေစီလုပ်ငန်းစဉ်ကို ပြန်လည်စတင်ရန်။ ဤသည်မှာ မြန်မာပြည်သူတို့၏ အကျိုးစီးပွား အတွက်မျှသာ မဟုတ်ဘဲ နိုင်ငံတကာမိသားစု၏ မျှော်လင့်ရည်မှန်းထားမှုများလည်း ပြည့်မီစေရန်။

၄ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ပြင်ပအင်အားစုများ၏ ဝင်ရောက်စွက်ဖက်နေမှုများကို သတိကြီးကြီးထား စောင့်ကြည့်၍ ဆန့်ကျင်သွားရန်။ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပြည်သူများ၏ရွေးချယ်မှုကို လေးစားရန်။



Photo : AFP

ကြိုးပမ်းတဲ့အခါ အင်အားကြီးနိုင်ငံတွေရဲ့ တရားဝင် အားပေးထောက်ခံမှုသာမက ဝင်ရောက်ပံ့ပိုးပေးမှုပါ လိုအပ်နေတာ တွေ့နိုင်ပါတယ်။ အထူးသဖြင့် ကုလသမဂ္ဂအပါအဝင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ အီးယူ အစရှိတဲ့ အင်အားကြီးနိုင်ငံ၊ အုပ်စုတွေအနေနဲ့ မြန်မာ့အရေးမှာ အာဆီယံကိုလွှဲထားပြီး မျက်နှာလွှဲခဲပစ် မလုပ်ကြဖို့ လိုအပ်ပါတယ်။ လူသားချင်းစာနာမှု အကူအညီအပြင် နိုင်ငံရေးအရ အဖြေရှာနိုင်တဲ့အထိ တက်လှမ်းနိုင်ဖို့ ပံ့ပိုးအားဖြည့်ပေးကြရမှာ ဖြစ်ပါတယ်။

လတ်တလောမှာ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနဲ့ အာဆီယံ အထူးကိုယ်စားလှယ်တို့ ဖုန်းကတဆင့် ဆက်သွယ်ပြောဆိုထားပြီး မြန်မာ့နိုင်ငံရေးကို အခြေကျဖြေရှင်းနိုင်ဖို့ (Political Settlement) အတွက် ပံ့ပိုးသွားမယ်လို့ အထူးကိုယ်စားလှယ်ကို ဝမ်ယိက ပြောခဲ့ပါတယ်။ တခါ အမေရိကန် နိုင်ငံခြားရေးဒုတိယဝန်ကြီး Wendy Sherman နဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်တို့ သြဂုတ် ၄ ရက်မှာ အွန်လိုင်းကတဆင့် တွေ့ဆုံခဲ့ကြပြီး မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်သွားနိုင်ဖို့ ဆွေးနွေးခဲ့ကြတယ်လို့ ထုတ်ပြန်ထားပါတယ်။

## အကြံပြုချက်များနှင့် ချိန်ထိုးရမည့် အညွှန်းစနစ်[၁]

အာဆီယံ အထူးကိုယ်စားလှယ်အနေနဲ့ ဒီခရီးစဉ်မှာ နိုင်ငံရေးရလဒ် ကြီးကြီးမားမား ချက်ချင်းထွက်ပေါ်ရေး အတင်းဖိအားပေးတွန်းတာထက် ယုံကြည်မှု တည်ဆောက်ရေးကို ဦးစားပေး ဆောင်ရွက်သင့်ပါတယ်။ လက်ရှိ အထူးကိုယ်စားလှယ်သက်တမ်းဟာ ၂၀၂၁ ခုနှစ် အကုန်ထိသာ တိုတောင်းပေမယ့် ရှုပ်ထွေးလှတဲ့ မြန်မာ့အကျပ်အတည်း ပြဿနာကို ဖြေရှင်းနိုင်ဖို့ဆိုရင်တော့ ရေရှည်အမြင်၊ အားထုတ်မှုနဲ့သာ ချဉ်းကပ်ဆောင်ရွက်သင့်ပါတယ်။ အောက်ဖော်ပြပါ အကြံပြုချက်နဲ့ အညွှန်းစနစ်ဟာ လက်ရှိအထူးကိုယ်စားလှယ်အပါအဝင် လာမယ့်နှစ်တွေမှာခန့်အပ်မယ့် အာဆီယံအထူးကိုယ်စားလှယ်များနဲ့ အာဆီယံအဖွဲ့တခုလုံးရဲ့မြန်မာ့အရေးကြားဝင်ဆောင်ရွက်မှု (ယေဘုယျအားဖြင့် နိုင်ငံတကာအနေဖြင့် မြန်မာ့အရေး ကြားဝင်ဆောင်ရွက်မှုပြုမယ်ဆိုရင် ဆောင်ရွက်သင့်တာများ) အတွက်ပါ တွက်ချင့်ဖော်ပြထားခြင်းဖြစ်ပါတယ်။

၁။ အာဆီယံ အထူးကိုယ်စားလှယ်အနေနဲ့ ယုံကြည်မှု တည်ဆောက်ရေးအတွက် ဆောင်ရွက်ရမယ့် အချက်တွေထဲမှာ အာဆီယံရဲ့ AHA စင်တာကတဆင့် မြန်မာနိုင်ငံကို လူသားချင်းစာနာမှု အကူအညီပေးအပ်ရေးကို စစ်ကောင်စီနဲ့ သဘောတူညီမှုရယူနိုင်ခြင်းဟာ အဓိကအကျဆုံးအချက် ဖြစ်နိုင်ပါတယ်။ အထူးသဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံဖို့ -

**(၁-က)** အာဆီယံ ကိုဗစ်-၁၉ တုံ့ပြန်ရေးရန်ပုံငွေ (ASEAN COVID-19 Response Fund) အပြင် ကျန် နိုင်ငံတကာအကူအညီတွေကို ချိတ်ဆက်

---

[၁] 'အာဆီယံအထူးကိုယ်စားလှယ်၏ ခရီးစဉ်အတွက် ချိန်ထိုးရမည့် အညွှန်းစနစ်ပုံစံ' ကို နောက်ဆက်တွဲ-၁ တွင် ဖော်ပြထားပါသည်။

INFOGUIDE

## နေရပ်စွန့်ခွာ ဒုက္ခသည်များ

(၂၀၂၁ ခုနှစ် ဩဂုတ် ၂၂ ရက်အထိ သိရသောစာရင်း)




## စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုးလာသည့် စစ်ပြေးဒုက္ခသည်အရေအတွက်




ဒုက္ခသည်များအတွက် အခြေခံလိုအပ်ချက်သုံးခု

၁။ ကျန်းမာရေး

၂။ အမိုးအကာနှင့် အခြေခံအဆောက်အဦ

၃။ အခြေခံနှင့် အိမ်သုံး သန့်ရှင်းရေးပစ္စည်းများ

ရင်းမြစ် - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

ပြီး ကာကွယ်ဆေးအကူအညီ ပေးအပ်နိုင်ခြင်း၊ ဒီအကူအညီတွေကို ပြည်သူ့ကျန်းမာရေးစနစ် အတွင်းကသာမက လွတ်လပ်တဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကတဆင့်ပါ စီမံခန့်ခွဲ ထိုးနှံခွင့်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း၊

(၁-ခ) တိုင်းရင်းသားဒေသတွေနဲ့ နေရပ်စွန့်ခွာ IDPs စခန်း၊ ဒုက္ခသည်စခန်းတွေအတွက် ကာကွယ်ဆေးနဲ့ ကျန်းလိုအပ်တဲ့ လူသားချင်းစာနာမှုအကူအညီတွေကို နယ်စပ်ဖြတ်ကျော် ကူညီခွင့်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း၊

(၁-ဂ) ဒီအကူအညီတွေနဲ့ မြေပြင်မှာ လက်တွေ့ အကောင်အထည်ဖော်နေတဲ့ အဖွဲ့တွေကို လက်နက်ကိုင် အင်အားစုအသီးသီးက အကြမ်းဖက်ဖြတ်တောက်၊ ပိတ်ဆို့၊ အလွဲသုံးစားလုပ်တာတွေမရှိအောင် ဘက်အသီးသီးနဲ့ ညှိနှိုင်းပေးနိုင်ခြင်း၊ (ISP-Myanmar က ၂၀၂၁ ခုနှစ်

INFOGUIDE

## တိုင်းရင်းသား လက်နက်ကိုင်များရှိရာ ဒေသများ၌ ကိုဗစ်ကာကွယ်ဆေး ထိုးနှံပြီးစီးမှု အခြေအနေ

KIO အတွက် ကိုဗစ်ကာကွယ်ဆေး အလုံးရေငါးသောင်းကို တရုတ်ကပေးအပ်ထားပြီး KIO/KIA ထိန်းချုပ်ရာဒေသရှိ လူဦးရေ ၃၆,၀၀၀ ကျော်ကို ကာကွယ်ဆေး ထိုးနှံပေးပြီး ဖြစ်သည်။ လိုင်ဇာနှင့် မိုင်ဂျာယန် နှစ်မြို့ပေါင်း ကာကွယ်ဆေးထိုးပေးရမည့် လူဦးရေ ၆၀,၀၀၀ ဝန်းကျင် ရှိပါသည်။

ချင်းအမျိုးသားတပ်မတော် (CNA/F) က ၎င်းဌာနချုပ်ရှိရာ ထန်တလန်မြို့နယ်အတွင်း ကိုဗစ် ကာကွယ်ဆေး စတင် ထိုးနှံပေးနေကြောင်း ဩဂုတ်လအတွင်းက ကြေညာခဲ့သည်။ ကာကွယ်ဆေးအမျိုးအစားမှာ အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သည့် COVISHIELD အမျိုးအစားဖြစ်ပြီး လူဦးရေမည်မျှကို ဆေးထိုးပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခြင်း မရှိသေးပေ။

MNDAA ထိန်းချုပ်ရာ ဒေသများတွင်လည်း ကိုဗစ်ကာကွယ်ဆေး ထိုးနှံပေးလျှက်ရှိသည်။



TNLA ထိန်းချုပ်ရာ ဒေသများတွင်လည်း ကိုဗစ်ကာကွယ်ဆေး ထိုးနှံပေးရန် စီစဉ်လျှက်ရှိသည်။

AA အနေဖြင့် ၎င်းတို့ အခြေစိုက်ရာ ဒေသရှိ ပြည်သူများကို ဘာသာ၊ လူမျိုး မခွဲခြားဘဲ ကာကွယ်ဆေး ထိုးနှံပေးရန် စီစဉ်နေသော်လည်း သတင်းအချက်အလက်၊ လုံခြုံရေးအခြေအနေအရ အတိအကျ ထုတ်ပြန်မှု မရှိသေးပေ။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် လူဦးရေ တသိန်းအား ကာကွယ်ဆေး ထိုးပေးမည့် စစ်ကောင်စီ၏ အစီအစဉ်လည်း ရှိနေပါသည်။ မည်သည့်ရင်းမြစ်မှ ရသည်ဖြစ်စေ ကာကွယ်ဆေး ထိုးနှံကြရန် ရခိုင်ပြည်သူများအား AA က တိုက်တွန်းထားသည်။

ဝဒေသအုပ်ချုပ်ရေးအဖွဲ့၏ ခန့်မှန်းပြောဆိုချက်များအရ ပန်ဆန်းဇဟိုပြု ဝနယ်ဘက်တွင် လူဦးရေ ငါးသိန်း၊ ထိုင်းနယ်စပ် ၁၇၁ စစ်ဒေသတွင် နှစ်သိန်းခန့်ကို တရုတ်နိုင်ငံမှ ထောက်ပံ့ပေးထားသော ကာကွယ်ဆေး ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။ ထိုပမာဏအရ UWSA ထိန်းချုပ်နယ်မြေရှိ လူဦးရေအားလုံး ကာကွယ်ဆေး ထိုးနှံပြီးသည့်သဘောဖြစ်သည်။

မိုင်းလား (NDAA) ထိန်းချုပ်ရာဒေသတွင်လည်း လူဦးရေ တသိန်းကျော် (ဒေသရှိ လူဦးရေ အားလုံးနီးပါး)ကို ကိုဗစ်ကာကွယ်ဆေး ထိုးနှံပြီးစီးပြီး ဖြစ်သည်။

SSPP ထိန်းချုပ်ရာ နယ်မြေအတွင်းရှိ လူဦးရေ ငါးသိန်းခန့်ကို ဆေးထိုးပေးရန် ရည်ရွယ်ထားပြီး CansinoBio အမျိုးအစား ဖြစ်သည်။ ဇူလိုင် တတိယပတ်မှစပြီး ဗဟိုဌာနချုပ်နယ်မြေ မိုင်းရှူးမြို့နယ်၊ ဝမ်ဟိုင်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများ စတင်ထိုးနှံပေးနေပြီး ၎င်းတို့တပ်ဖွဲ့ဝင်များ အခြေစိုက်လှုပ်ရှားသည့် ကျေးသီး၊ မိုင်းရယ်၊ တန့်ယန်းနှင့် သီပေါမြို့နယ်များ အတွင်းမှ ပြည်သူများကို ကာကွယ်ဆေး အခမဲ့ထိုးနှံပေးရန် တရုတ်နိုင်ငံဘက်မှ ဆေး မှာယူထားသည်။

ထိုင်းနယ်စပ်ရှိ KNU ထိန်းချုပ်နယ်မြေများတွင် ကာကွယ်ဆေးများ ထိုးပေးနေသည်ဟု ဆိုသော်လည်း ရရှိသည့် ကာကွယ်ဆေး အရေအတွက်နှင့် ကာကွယ်ဆေး ထိုးနှံပြီးသော အရေအတွက်ကို မသိရသေးပေ။

စစ်ကောင်စီ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ကိုဗစ်ကာကွယ်ဆေး နှစ်ကြိမ် အပြည့် ထိုးနှံပြီးသူ အရေအတွက်မှာ ဩဂုတ် ၂၃ ရက်အထိ စုစုပေါင်း ၁,၇၉၆,၈၃၀ ဦးရှိပြီး၊ တကြိမ်ထိုးနှံပြီးသူ ၂,၂၆၀,၀၂၇ ဦး ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းခန့်သာ ကာကွယ်ဆေးနှစ်ကြိမ် (fully Vaccinated) ထိုးနှံထားပါသည်။

ရင်းမြစ် - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

ဇူလိုင် ၂၀ ရက်တွင် ဖော်ပြခဲ့သော **'ကိုဗစ်-၁၉ တတိယလှိုင်း အကျပ်အတည်းကို လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံတကာအကူအညီဖြင့် ဖြေရှင်းရေး မူဝါဒအကြံပြုချက်'** ဖော်ပြခဲ့သည့်အတိုင်း) 'အင်အားစုအသီးသီးကလည်း နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီလက်ခံရယူရေးနဲ့ပတ်သက်ပြီး အားလုံးလက်တွဲ ပြေလည်ချောမွေ့အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လူသားချင်းစာနာမှုဆိုင်ရာ ကတိကဝတ်ပြု ကြေညာချက်မျိုး (Humanitarian Pledge) ကို ထုတ်ပြန်'နိုင်အောင် ညှိနှိုင်းပေးခြင်း စတဲ့အချက်တွေက အထူးကိုယ်စားလှယ်အတွက် အရင်ဆုံး ဦးစားပေးရမယ့်တာဝန် ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ် သုံးရပ်ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်တယ်ဆိုရင်ပဲ သူ့တာဝန်ရဲ့ ၁၅ ရာခိုင်နှုန်း ပြီးမြောက်အောင်မြင်တယ်လို့ ISP-Myanmar က အညွှန်းမှတ်ယူချင်ပါတယ်။ ဒါဟာ အာဆီယံ ဘုံသဘောတူညီချက် အမှတ်-၄ နဲ့အညီ ဖြစ်ပါတယ်။

**'ကိုဗစ်တတိယလှိုင်း အကျပ်အတည်းကို လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံတကာအကူအညီဖြင့် ဖြေရှင်းရေး မူဝါဒအကြံပြုချက်'**
https://www.ispmyanmar.com/burmese/2021/07/20/pe1/

၂။ အထူးကိုယ်စားလှယ်အနေနဲ့

(၂-က) စစ်ကောင်စီရဲ့ အကြမ်းဖက်မှုတွေကို ရပ်တန့်အောင် အားထုတ်နိုင်ခြင်း၊ ကျန် လက်နက်ကိုင်အင်အားစုများအနေနဲ့လည်း အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းကို ရပ်တန့်အောင် နည်းလမ်းရှာဖွေနိုင်ခြင်း၊

(၂-ခ) ဖမ်းဆီးခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားများ ပြန်လွတ်မြောက်ရေး ဆောင်ရွက်နိုင်ခြင်း၊

(၂-ဂ) အကြမ်းမဖက်လှုပ်ရှားမှုမှာ ပါဝင်သူတွေကို မတရားပုဒ်မများတပ်ပြီး စွဲဆိုထားတာတွေကို ဂုဏ်သိက္ခာရှိစွာ လွတ်ငြိမ်းခွင့်ရရှိအောင် ဆောင်ရွက်ခြင်းတို့ကို ညှိနှိုင်းနိုင်မယ်ဆိုရင် ၁၅ ရာခိုင်နှုန်း အလုပ်ပြီးမြောက်တယ်လို့ ISP-Myanmar က အညွှန်း မှတ်ယူချင်ပါတယ်။ ဒါဟာ အာဆီယံ ဘုံသဘောတူညီချက် အမှတ်-၁နဲ့အညီ ဖြစ်ပါတယ်။

၃။ အထူးကိုယ်စားလှယ်အနေနဲ့

(၃-က) ဖမ်းဆီးခံထားရတဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခွင့်ရရှိခြင်း၊

INFOGUIDE

■ **စစ်အာဏာသိမ်းပြီးနောက်ပိုင်း သတင်းမီဒီယာများ ဖိနှိပ်ခံရမှု**




ရင်းမြစ် - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

(၃-ခ) နိုင်ငံရေးပါတီများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လွတ်လပ်တဲ့ သတင်းမီဒီယာများနဲ့ တွေ့ဆုံခွင့်ရရှိခြင်း၊

(၃-ဂ) NUG အပါအဝင် အရေးပါတဲ့ အင်အားစုများနဲ့ ဆွေးနွေးခြင်း၊

(၃-ဃ) အခြေခံအခွင့်အရေးများ၊ အထူးသဖြင့် သတင်းမီဒီယာလွတ်လပ်ခွင့်ကို အမြန်ဆုံး ပြန်လည်ဖြေလျှော့ပေးအောင် ဆောင်ရွက်နိုင်ခြင်း၊

(၃-င) အချိန်တန် ရင့်မှည့်တဲ့အခါ ဘက်အားလုံးပါတဲ့ အပြုသဘောဆွေးနွေးမှုတွေကတဆင့် မြန်မာ့ဒီမိုကရေစီရေး လမ်းကြောင်းပေါ် ပြန်ရောက်အောင် ဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေ ရှာဖွေနိုင်ခြင်းတွေဟာ ၂၅ ရာခိုင်နှုန်းသော ပြီးမြောက်မှုဖြစ်တယ်လို့ ISP-Myanmar က အညွှန်းမှတ်ယူချင်ပါတယ်။ ဒီအကြံပြုချက် အမှတ်-၃ ဟာ၊ အကြံပြုချက် အမှတ်-၄ နဲ့ ခွဲမရတဲ့ ဆက်စပ်မှုရှိပါတယ်။ ဒါဟာ အာဆီယံ ဘုံသဘောတူညီချက် ငါးရပ်ထဲက အမှတ်-၂ နဲ့အညီ ဖြစ်ပါတယ်။

၄။ အထူးကိုယ်စားလှယ်အနေနဲ့

(၄-က) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) အားလုံးနဲ့ တွေ့ဆုံပြီး

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ဖော်ဆောင်မှုကို အာဏာသိမ်းပြီးနောက် ပြောင်းလဲလာတဲ့ လက်ရှိနိုင်ငံရေးပကတိ အခြေအနေနဲ့ ဆီလျော်အောင် ညှိနှိုင်းဆွေးနွေးခြင်း၊

(၄-ခ) လိုအပ်ပါက NCA ပြင်ပ သီးသန့်သဘောတူညီမှုများကို သက်ဆိုင်သူများ သဘောညီလက်ခံလို့ ညှိနှိုင်းဆွေးနွေးခြင်း၊

(၄-ဂ) ရိုဟင်ဂျာအရေးနဲ့ ပတ်သက်လို့လည်း ယုံကြည်မှု တည်ဆောက်တာနဲ့ တွန်းအားပေးတာ ချိန်ကိုက်ညီတာနဲ့အမျှ ရိုဟင်ဂျာအရေး တရားမျှတ၊ဂုဏ်သိက္ခာရှိစွာ အဖြေရှာဖို့ကိုပါ ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊

(၄-ဃ) အိမ်နီးချင်း နိုင်ငံအသီးသီး၏ နယ်စပ်များရှိ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာ IDP များအားလုံး စိတ်သဘောဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာ ပြန်လည်နေရာချထားနိုင်ရေးကို ညှိနှိုင်းခြင်း၊

(၄-င) အချိန်တန်ရင့်မှည့်တဲ့အခါ ငြိမ်းချမ်းရေးတည်ဆောက်ရေးနဲ့ လူနည်းစု တန်းတူအခွင့်ရေး ဆွေးနွေးမှုများကို ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် လမ်းစအဖြစ် ရှာဖွေနိုင်ခြင်းတွေဟာ ၂၅ ရာခိုင်နှုန်းသော ပြီးမြောက်မှုဖြစ်တယ်လို့ ISP-Myanmar က အညွှန်းမှတ်ယူချင်ပါတယ်။ ဒါဟာလည်း အာဆီယံ ဘုံသဘောတူညီချက် ငါးရပ်ထဲက အမှတ်-၂ နဲ့အညီ ဖြစ်ပါတယ်။

၅။ အာဆီယံအထူးကိုယ်စားလှယ်အနေနဲ့ ဒီခရီးစဉ်အပြီးမှာ

(၅-က) နိုင်ငံတကာရဲ့ထောက်ခံမှုကို တိုးမြှင့်ရရှိခြင်း၊

(၅-ခ) အထူးကိုယ်စားလှယ်ရဲ့ သက်တမ်းဟာ ဒီနှစ်ကုန်ရင် အပြောင်းအလဲရှိမှာကြောင့်ရော၊ အာဆီယံအနေနဲ့ မြန်မာ့အကျပ်အတည်း အောင်မြင်အောင် ဖြေရှင်းနိုင်ဖို့၊ မြန်မာ့အနာဂတ် ပြန်လည်ထူထောင်ရေး ကူညီဖို့ တဖွဲ့တည်း စွမ်းဆောင်နိုင်ဖို့ရာ လုပ်ငန်းပိုင်းအရ၊ စွမ်းရည်ပိုင်းအရ၊ အရင်းအမြစ်ပိုင်းအရပါ အကန့်အသတ်များစွာ ရှိနေတာကြောင့် တရုတ်၊ ဂျပန်၊ အိန္ဒိယအပါအဝင် ကုလသမဂ္ဂနဲ့ အနောက်နိုင်ငံကြီးတွေပါ ပါဝင်တဲ့ ပေါင်းစပ်ညှိနှိုင်းရေးယန္တရားတခု ဖော်ဆောင်ခြင်းတို့ကို ဆောင်ရွက်နိုင်မယ်ဆိုရင် ၂၀ ရာခိုင်နှုန်း အလုပ်ပြီးမြောက်တယ်လို့ ISP-Myanmar က အညွှန်းမှတ်ယူချင်ပါတယ်။

## နိဂုံး

မြန်မာ့အရေးနဲ့ပတ်သက်ပြီး အာဆီယံက ကြားဝင်ဖြေရှင်းပေးဖို့ ကြိုးပမ်းခဲ့တဲ့ ဖြစ်ရပ်တွေကိုကြည့်ရင် ၂၀၀၈ ခုနှစ် နာဂစ်တုန်းက လူသားချင်းစာနာမှု အကူအညီပေးအပ်တဲ့ ဖြစ်ရပ်ကလွဲပြီး အခြားသော နိုင်ငံရေးအရ စေ့စပ်ကြားဝင်ဖြေရှင်းပေးဖို့ လုပ်ဆောင်ခဲ့တဲ့ ကြိုးပမ်းမှုများဟာ မအောင်မြင်ခဲ့တာကို တွေ့ရပါတယ်။

ကိုဗစ် တတိယလှိုင်းဒဏ်ကို အလူးအလဲခံလိုက်ရတဲ့ မြန်မာနိုင်ငံအတွက် AHA စင်တာကတဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများရဲ့ ကူညီလှူဒါန်းမှုတွေကို အခုအချိန်မှာ အတိုင်းအတာတခုအထိ မြင်ရပါတယ်။ ဒီနေရာမှာ AHA စင်တာက တဆင့်မဟုတ်ဘဲ တိုက်ရိုက်လှူဒါန်းမှုတွေပါ ပြုလုပ်ထားတဲ့ ကမ္ဘောဒီးယားနိုင်ငံဟာ လာမယ့်နှစ်မှာ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး၊ အထူးကိုယ်စားလှယ်အသစ်ကိုပါ ခန့်အပ်ရမှာဖြစ်တာကြောင့် စစ်ကောင်စီနဲ့ ကြိုတင်လမ်းဖောက်ထားတဲ့ခြေလှမ်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာ အရင်ကထက် မြန်မာ့အရေးအပေါ် လေးနက်မှုရှိလာတယ်ဆိုတာတော့ ထင်ရှားပါတယ်။

စစ်ကောင်စီအနေနဲ့ မကြာမီရင်ဆိုင်ရမယ့် ကမ္ဘာ့ကုလသမဂ္ဂမှာ ကိုယ်စားပြုခွင့်အရေး အသာရချင်တာရော၊ လာမယ့် နိုဝင်ဘာလမှာကျင်းပဖွယ်ရှိတဲ့ အာဆီယံထိပ်သီးအစည်းအဝေးမှာ အပြကောင်းစေဖို့ရော၊ တရုတ်အပါအဝင် အင်အားကြီးနိုင်ငံတချို့ရဲ့ အတွင်းကျိတ် ဖိအားပေးမှုတွေကို လျော့ပါးစေဖို့ရော၊ ကိုဗစ်-၁၉ အကျပ်အတည်းနဲ့ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် နိုင်ငံတကာအထောက်အကူ ရစေဖို့အတွက်ပါ အာဆီယံအထူးကိုယ်စားလှယ်ရဲ့ ခရီးစဉ်အတွင်း အလျှော့အတင်းတချို့ လုပ်ဖွယ်ရှိပါတယ်။

ဒီ မူဝါဒအာဘော်ဆောင်းပါးမှာ အကြံပြုခဲ့တဲ့ အချက်ငါးချက်ဟာ အခုရေတွင်းတူး အခုရေကြည်သောက်လို့ရမယ့် ရေတိုကိစ္စများသက်သက် မဟုတ်ပါဘူး။ ပထမအဆင့်အနေနဲ့ ယုံကြည်မှုတည်ဆောက်တဲ့ လုပ်ငန်းစဉ်တွေကို စတင်ရလဒ်ထွက်အောင် ဆောင်ရွက်ပြီး ရေရှည်အမြင်၊ အားထုတ်မှုနဲ့သာ ချဉ်းကပ်ဆောင်ရွက်ရမယ်ဆိုတာကို ထပ်မံ သတိပြုစေချင်ပါတယ်။ အာဆီယံရဲ့ ဘုံသဘောတူညီချက်တွေကို အနှစ်ချုပ်ရင် လူ့ အခွင့်အရေး၊ လူသားချင်းစာနာမှု အကူအညီပေးရေးနဲ့ ပဋိပက္ခဖြေရှင်းရေးဆိုတဲ့ အချက်သုံးချက်ပဲ ထွက်ပါတယ်။ ဒီအချက်သုံးချက်ဟာ ခွဲထုတ်လို့မရတဲ့ သုံးချောင်းထောက်ပါပဲ။ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာမှု အကူအညီပေးရေးတွေကတော့ အချိန်ဆွဲလို့မရ၊ မျက်ကွယ်ပြု လျစ်လျူရှုလို့မရဘဲ အရေးဆို၊ တွန်းအားပေး၊ လူ့အသက်တွေ ချက်ချင်းကယ်တင်ရေး အဓိကပဲဖြစ်ပါတယ်။ အရင်းခံပဋိပက္ခ ဖြေရှင်းရေးကတော့ အချိန်တန်ရင့်မှည့်တဲ့အခါမှသာ အားလုံးလက်ခံနိုင်တဲ့ ထွက်ပေါက်ကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဒီအချိန်ကို အမြန်ရင့်မှည့်အောင် ဝိုင်းဝန်းကြိုးစားနိုင်ကြရင် မြန်မာနိုင်ငံအေးချမ်းသာယာတိုးတက်ပြီး ပြည်သူတွေအားလုံး ဂုဏ်သိက္ခာရှိရှိ ရှင်သန်လို့ ပျော်ရွှင်သုခ ခံစားနိုင်ကြမှာပဲ ဖြစ်ပါတယ်။ ■

## ရည်ညွှန်းကိုးကား


အာဆီယံ အထူးကိုယ်စားလှယ် အလုပ်ဖြစ်ပါ့မလား။ (2021, August 06). *BBC Burmese.* https://www.bbc.com/burmese/burma-58108887

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီထံသို့ ကျေးဇူးတင်လွှာပေးပို့။ (2021, August 25). *D Wave Newsletter.* https://www.facebook.com/d.wave.newsletter/posts/4643618025648501

*Association of Southeast Asian Nations.* (n.d.). Retrieved August, 2021, from https://asean.org/category/statements-meetings/

Bland, B. (2021, August 24). Weak and inadequate, ASEAN yet remains indispensable. *Nikkei Asia.* https://asia.nikkei.com/Opinion/Weak-and-inadequate-ASEAN-yet-remains-indispensable

US Department of State. (2021, August 04). *Deputy Secretary Sherman's Call with Zin Mar Aung.* https://www.state.gov/deputy-secretary-shermans-call-with-zin-mar-aung/

Explained: The Tussle Over ASEAN's Special Envoy to Myanmar. (2021, August 03). *The Irrawaddy.* https://www.irrawaddy.com/opinion/analysis/explained-the-tussle-over-aseans-special-envoy-to-myanmar.html

Strangio, S. (2021, August 05). Can ASEAN's Special Envoy Resolve the Crisis in Myanmar? *The Diplomat.* https://thediplomat.com/2021/08/can-aseans-special-envoy-resolve-the-crisis-in-myanmar/?fbclid=IwAR1wQslksigdoVelflxNYF9OQ7NTfAL3WJRdL490jYsBxsk4j4JiLigkT50

Strangio, S. (2021, August 10). New ASEAN Envoy to Myanmar Pledges to Meet With Opposition, Detained Activists. *The Diplomat.* https://thediplomat.com/2021/08/new-asean-envoy-to-myanmar-pledges-to-meet-with-opposition-detained-activists/?fbclid=IwAR0pv0bwaloKGq6oGUKQ9LRZUMH2Ad6ElVxOoMZzVvQMQq_ 0YY3GiHxUfBU

Ministry of Foreign Affairs of the People's Republic of China. (2021, August 08). *Wang Yi Speaks with Special Envoy of ASEAN to Myanmar and Bruneian Second Minister of Foreign Affairs Erywan bin Pehin Yusof on the Phone.* https://www.fmprc.gov.cn/mfa_eng/zxxx_662805/t1900446.shtml

■ နောက်ဆက်တွဲ-၁

## အာဆီယံအထူးကိုယ်စားလှယ်၏ ခရီးစဉ်အတွက် ချိန်ထိုးရမည့် အညွှန်းစနစ်ပုံစံ

အာဆီယံ အထူးကိုယ်စားလှယ်၏ခရီးစဉ်သည် နိုင်ငံရေးရလဒ် ကြီးကြီးမားမား ချက်ချင်း ထွက်ပေါ်ရေးထက် ယုံကြည်မှုတည်ဆောက်ရေးကို ဦးစားပေးဆောင်ရွက်ရဖွယ်ရှိသည်။ လက်ရှိ အထူးကိုယ်စားလှယ်၏ သက်တမ်းမှာ ၂၀၂၂ ခုနှစ် အကုန်အထိသာ ဖြစ်ခြင်းကြောင့် တိုတောင်းပြီး ရှုပ်ထွေးလှသော မြန်မာ့အကျပ်အတည်း ပြဿနာကို ဖြေရှင်းနိုင်ရန်မှာ ရေရှည်အမြင်၊ အားထုတ်မှုဖြင့်သာ ချဉ်းကပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

စစ်ကောင်စီအနေဖြင့်မကြာမီရင်ဆိုင်ရမည်ဖြစ်သော ‘ကမ္ဘာ့ကုလသမဂ္ဂကိုယ်စားပြုခွင့်အရေး’ တွင် အသာရစေရန်အတွက်သာမက ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပဖွယ်ရှိသော အာဆီယံ ထိပ်သီးအစည်းဝေးသို့ပါ တက်ရောက်ပြီး အပြကောင်းစေရန်အပြင်၊ တရုတ်အပါအဝင် အင်အားကြီး နိုင်ငံတချို့၏ အတွင်းကျိတ်ဖိအားပေးမှုတွေကို လျော့ပါးစေရန်၊ ကိုဗစ်-၁၉ အကျပ်အတည်းနှင့် ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် နိုင်ငံတကာအထောက်အကူရစေရန်အတွက်ပါ မကြာခင် လာရောက်မည်ဖြစ်သော အာဆီယံအထူးကိုယ်စားလှယ်၏ ခရီးစဉ်အတွင်း အလျော့အတင်းအချို့ လုပ်ဖွယ်ရှိကြောင်း သုံးသပ်ရသည်။

စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုဘက်တွင်မူ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်မှလွဲ၍ အခြားမရှိဟု ခံယူထားပြီး တော်လှန်ရေးအတွက် ပြည်တွင်းပြည်ပ ပံ့အောထောက်ခံမှု ရရှိရေးက ကြံ့ချိုသဏ္ဍာန် တချောင်းတည်းသောဦးတည်ရာဖြစ်နေသည်။ ထို့ကြောင့် အထူးကိုယ်စားလှယ်၏ ခရီးစဉ်သည် စစ်ကောင်စီအား အသိမှတ်ပြုရေး ဖြစ်မသွားစေရန်အတွက်သာ ဦးစားပေးအာရုံစိုက်ဖွယ်ရှိပါသည်။ သံတမန်ရေးနှင့် နိုင်ငံရေးနည်း လမ်းစဉ်ကို အဓိကအားပြုလိုသူများနှင့် အဆိုပါလမ်းစဉ်အား တွဲဖက်ဆောင်ရွက်ရမည်ဟု ခံယူသူများအတွက်မူ အာဆီယံအထူးကိုယ်စားလှယ်၏ ယခုခရီးစဉ်သည် ပြည်သူများ၏လိုလားချက် ပြည့်မြောက်ရေး လမ်းစပွင့်အောင် မည်သို့ဖန်တီးနိုင်မည်နည်းဆိုခြင်းကိုအနိမ့်ဆုံးနည်းနာတရပ်အဖြစ်ကြံဆအားထုတ်ကြဖွယ်ရှိသည်။ထိုသို့ကြံဆအားထုတ်မှုများအတွက် အထောက်အကူဖြစ်စေရန် အကြံပြုချက်ငါးရပ်ကို ချိန်ထိုးရမည့် အညွှန်းစနစ်များအဖြစ် ဆွေးနွေးတင်ပြထားသည်။

**ယခု အကြံပြုချက်များသည် ISP-Myanmar က အရေးပါသည်ဟု ယူဆသော အကြောင်းအရာများကို သဘောသွားသိအောင် အညွှန်းပြုထားခြင်းဖြစ်ပြီး ရေတိုသဘောဆောင်သော ဆောင်ရွက်ရန်ကိစ္စရပ်များသာမက၊ အလယ်အလတ်နှင့် ရေရှည်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုပါ ချိတ်ဆက်ဖော်ပြထားပါသည်။** ပူးတွဲဖော်ပြပါ အညွှန်းစနစ်သည် လက်ရှိ အထူးကိုယ်စားလှယ်အပါအဝင် လာမယ့်နှစ်များတွင်ခန့်အပ်မည့် အာဆီယံ အထူးကိုယ်စားလှယ်များနှင့် အာဆီယံအဖွဲ့တခုလုံး၏ မြန်မာ့အရေး ကြားဝင်ဆောင်ရွက်မှု (ယေဘုယျအားဖြင့် နိုင်ငံတကာ အနေဖြင့် မြန်မာ့အရေး ကြားဝင်ဆောင်ရွက်မှုပြုမည်ဆိုပါက ဆောင်ရွက်သင့်သည်များ) အတွက်ပါ တွက်ချင့်ဖော်ပြထားခြင်းဖြစ်ပါသည်။

| စဉ် | လုပ်ငန်းစဉ်များ | လက်ရှိ ဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံ၏ အထူး ကိုယ်စားလှယ် (၂၀၂၁) | အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယား နိုင်ငံ၏ အထူး ကိုယ်စားလှယ် (၂၀၂၂) | အလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှား နိုင်ငံ၏ အထူး ကိုယ်စားလှယ် (၂၀၂၃) |
|---|---|---|---|---|
| ၁။ | **လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး လုပ်ငန်းစဉ်**<br>အာဆီယံအထူး ကိုယ်စားလှယ်အနေဖြင့် ယုံကြည်မှု တည်ဆောက်ရေးအတွက် ဆောင်ရွက်ရမည့် အချက်များထဲမှာ အာဆီယံ၏ AHA စင်တာကတဆင့် မြန်မာနိုင်ငံအတွက် လူသားချင်းစာနာမှု အကူအညီပေးအပ်ရေးကို စစ်ကောင်စီနှင့် သဘောတူညီမှု ရယူနိုင်ခြင်းက အဓိကအကျဆုံးအချက် ဖြစ်နိုင်ပါသည်။ **အောက်ဖော်ပြပါ လုပ်ငန်းစဉ်သုံးရပ်ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုပါက ၎င်းရယူထားသော တာဝန်၏ ၁၅ ရာခိုင်နှုန်း ပြီးမြောက်သည်**ဟု ISP-Myanmar က အဲ့သွန်းမှတ်ယူပါသည်။ **ထို လုပ်ငန်းစဉ်များသည် အာဆီယံခေါင်းဆောင်များ၏ ဘုံသဘောတူညီချက် အမှတ်-၄ နှင့် ကိုက်ညီပါသည်။** | | | |
| ၁-က | အာဆီယံ ကိုဗစ်-၁၉ တုံ့ပြန်ရေး ရန်ပုံငွေ (ASEAN COVID-19 Response Fund) အပြင် ကျန် နိုင်ငံတကာအကူအညီများကို ချိတ်ဆက်ပြီး ကာကွယ်ဆေးအကူအညီ ပေးအပ်နိုင်ခြင်း၊ ထိုအကူအညီများကို ပြည်သူ့ကျန်းမာရေးစနစ်အတွင်းကသာမက လွတ်လပ်သော အရပ်ဘက်အဖွဲ့အစည်းများက တဆင့်ပါ စီမံခန့်ခွဲ ထိုးနှံခွင့်ရရှိရန် ဆောင်ရွက်ပေးနိုင်ခြင်း၊ | | | |
| ၁-ခ | တိုင်းရင်းသားဒေသများနှင့် နေရပ်စွန့်ခွာ IDPs စခန်း၊ ဒုက္ခသည်စခန်းများအတွက် ကာကွယ်ဆေးနှင့် အခြားလိုအပ်သော လူသားချင်းစာနာမှု အကူအညီများကို နယ်စပ်ဖြတ်ကျော် ကူညီခွင့်ရရှိရန် ဆောင်ရွက်ပေးနိုင်ခြင်း၊ | | | |
| ၁-ဂ | အထက်ပါအကူအညီများဖြင့် မြေပြင်တွင် လက်တွေ့ အကောင်အထည်ဖော်နေသည့် အဖွဲ့များကို လက်နက်ကိုင်အင်အားစု အသီးသီးက အကြမ်းဖက် ဖြတ်တောက်၊ ပိတ်ဆို့၊ အလွဲသုံးစားလုပ်ခြင်းများ မရှိအောင် ဘက်အသီးသီးအား ညှိနှိုင်းပေးနိုင်ခြင်း၊ (ISP-Myanmar က ၂၀၂၁ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ဖော်ပြခဲ့သော **'ကိုဗစ်-၁၉ တတိယလှိုင်း အကျပ် အတည်းကို လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံတကာအကူအညီဖြင့် ဖြေရှင်းရေး မူဝါဒအကြံပြုချက်'** ဖော်ပြခဲ့သည့်အတိုင်း) 'အင်အားစု အသီးသီးကလည်း နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီ လက်ခံရယူရေးနဲ့ပတ်သက်ပြီး အားလုံးလက်တွဲ ပြေလည်ချောမွေ့အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လူသားချင်းစာနာမှုဆိုင်ရာ ကတိကဝတ်ပြု ကြေညာချက်မျိုး (Humanitarian Pledge)ကို ထုတ်ပြန်'နိုင်အောင် ညှိနှိုင်းပေးခြင်း | | | |
| ၂။ | **အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရေးကိစ္စ**<br>အာဆီယံအထူးကိုယ်စားလှယ်အနေဖြင့် **အောက်ဖော်ပြပါ လုပ်ငန်းစဉ်သုံးရပ်ကို ဆောင်ရွက်နိုင်မည်ဆိုပါက ၎င်းရယူထားသော တာဝန်၏ ၁၅ ရာခိုင်နှုန်းပြီးမြောက်သည်**ဟု ISP-Myanmar က အဲ့သွန်းမှတ်ယူပါသည်။ **ထိုလုပ်ငန်းစဉ်များသည် အာဆီယံခေါင်းဆောင်များ၏ ဘုံသဘောတူညီချက် အမှတ်-၁နှင့် ကိုက်ညီပါသည်။** | | | |
| ၂-က | စစ်ကောင်စီ၏ အကြမ်းဖက်မှုများအား ရပ်တန့်အောင် အားထုတ်နိုင်ခြင်း၊ အခြား လက်နက်ကိုင်အင်အားစုများအနေဖြင့်လည်း အရပ်သားများအပေါ် ပစ်မှတ်ထား တိုက်ခိုက်ခြင်းကို ရပ်တန့်အောင် နည်းလမ်းရှာဖွေနိုင်ခြင်း၊ | | | |
| ၂-ခ | ဖမ်းဆီးခံထားရသော နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်အောင် ဆောင်ရွက်နိုင်ခြင်း၊ | | | |
| ၂-ဂ | အကြမ်းမဖက်လှုပ်ရှားမှုတွင် ပါဝင်သူများကို မတရား ပုဒ်မများတပ်၍ စွဲဆိုထားခြင်းအား ဂုဏ်သိက္ခာရှိစွာဖြင့် လွတ်ငြိမ်းခွင့်ရရှိအောင် ဆောင်ရွက်နိုင်ခြင်း။ | | | |

| စဉ် | လုပ်ငန်းစဉ်များ | လက်ရှိ ဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံ၏ အထူး ကိုယ်စားလှယ် (၂၀၂၁) | အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယား နိုင်ငံ၏ အထူး ကိုယ်စားလှယ် (၂၀၂၂) | အလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှား နိုင်ငံ၏ အထူး ကိုယ်စားလှယ် (၂၀၂၃) |
|---|---|---|---|---|
| ၃။ | **ပါဝင်ဘက်အားလုံး အပြုသဘောဆောင်သည့် တွေ့ဆုံဆွေးနွေးရေးဖြစ်ရန် ကိစ္စ**<br>အာဆီယံအထူး ကိုယ်စားလှယ်အနေဖြင့် **အောက်ဖော်ပြပါ လုပ်ငန်းစဉ်ငါးရပ်ကို ဆောင်ရွက်နိုင်မည်ဆိုပါက ၎င်းရယူထားသော တာဝန်၏ ၂၅ ရာခိုင်နှုန်း ပြီးမြောက်သည်**ဟု ISP-Myanmar က အညွှန်းမှတ်ယူပါသည်။ **ထိုလုပ်ငန်းစဉ်များသည် အာဆီယံခေါင်းဆောင်များ၏ ဘုံသဘောတူညီချက် အမှတ်-၂ နှင့် ကိုက်ညီပါသည်။** | | | |
| ၃-က | ဖမ်းဆီးခံထားရသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရရှိခြင်း၊ | | | |
| ၃-ခ | နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လွတ်လပ်သော သတင်းမီဒီယာများနှင့် တွေ့ဆုံခွင့်ရရှိခြင်း၊ | | | |
| ၃-ဂ | NUG အပါအဝင် အရေးပါသော အင်အားစုများနှင့်ဆွေးနွေးခြင်း၊ | | | |
| ၃-ဃ | အခြေခံအခွင့်အရေးများ၊ အထူးသဖြင့် သတင်းမီဒီယာလွတ်လပ်ခွင့်ကို အမြန်ဆုံး ပြန်လည်ဖြေလျှော့ပေးရန် ဆောင်ရွက်နိုင်ခြင်း၊ | | | |
| ၃-င | ဘက်အားလုံးပါသော အပြုသဘော ဆွေးနွေးမှုများကတဆင့် မြန်မာ့ဒီမိုကရေစီရေး လမ်းကြောင်းပေါ်ပြန်ရောက်အောင် ဆောင်ရွက်နိုင်မယ့်နည်းလမ်းတွေ ရှာဖွေနိုင်ခြင်း။ | | | |
| ၄။ | **ငြိမ်းချမ်းရေးနှင့် လူနည်းစုအခွင့်အရေးကိစ္စ**<br>အာဆီယံအထူး ကိုယ်စားလှယ်အနေဖြင့် **အောက်ဖော်ပြပါ လုပ်ငန်းစဉ်ငါးရပ်ကို ဆောင်ရွက်နိုင်မည်ဆိုပါက ၎င်းရယူထားသော တာဝန်၏ ၂၅ ရာခိုင်နှုန်း ပြီးမြောက်သည်**ဟု ISP-Myanmar က အညွှန်းမှတ်ယူပါသည်။ **ထိုလုပ်ငန်းစဉ်များသည် အာဆီယံ ခေါင်းဆောင်များ၏ ဘုံသဘောတူညီချက် အမှတ်-၂ နှင့် ကိုက်ညီပါသည်။** | | | |
| ၄-က | တိုင်းရင်းသားလက်နက်အဖွဲ့များ (EAOs) အားလုံးနှင့် တွေ့ဆုံပြီး တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ဖော်ဆောင်မှုကို အာဏာသိမ်းပြီးနောက် ပြောင်းလဲလာသော လက်ရှိနိုင်ငံရေး ပကတိအခြေအနေနှင့် ဆီလျော်အောင် ညှိနှိုင်းဆွေးနွေးနိုင်ခြင်း၊ | | | |
| ၄-ခ | လိုအပ်ပါက NCA ပြင်ပ သီးသန့်သဘောတူညီမှုများကို သက်ဆိုင်သူများ သဘောတူညီလက်ခံအောင် ညှိနှိုင်းဆွေးနွေးနိုင်ခြင်း၊ | | | |
| ၄-ဂ | ရိုဟင်ဂျာအရေးနှင့် ပတ်သက်၍ ယုံကြည်မှု တည်ဆောက်ခြင်းနှင့် တွန်းအားပေးခြင်းတို့ ချိန်ကိုက်ညီသည်နှင့်အမျှ ရိုဟင်ဂျာအရေးအား တရားမျှတ၊ ဂုဏ်သိက္ခာရှိစွာ အဖြေရှာရန်ကိုပါ ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ | | | |
| ၄-ဃ | အိမ်နီးချင်းနိုင်ငံအသီးသီး၏ နယ်စပ်များရှိ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာ IDP များအားလုံး စိတ်သဘောဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာ ပြန်လည်နေရာချထားနိုင်ရေးကို ညှိနှိုင်းခြင်း၊ | | | |
| ၄-င | ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် လူနည်းစု တန်းတူအခွင့်အရေး ဆွေးနွေးမှုများကို ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် လမ်းစအဖြစ် ရှာဖွေနိုင်ခြင်း။ | | | |

| စဉ် | လုပ်ငန်းစဉ်များ | လက်ရှိ ဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံ၏ အထူး ကိုယ်စားလှယ် (၂၀၂၁) | အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယား နိုင်ငံ၏ အထူး ကိုယ်စားလှယ် (၂၀၂၂) | အလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှား နိုင်ငံ၏ အထူး ကိုယ်စားလှယ် (၂၀၂၃) |
|---|---|---|---|---|
| ၅။ | **နိုင်ငံတကာ ပါဝင်နိုင်မှုကိစ္စ**<br>အာဆီယံအထူးကိုယ်စားလှယ်အနေဖြင့် **အောက်ဖော်ပြပါ လုပ်ငန်းစဉ်နှစ်ရပ်ကို ဆောင်ရွက်နိုင်မည်ဆိုပါက ၎င်းရယူထားသော တာဝန်၏ ၂၀ ရာခိုင်နှုန်း ပြီးမြောက်သည်**ဟု ISP-Myan-mar က အညွှန်းမှတ်ယူပါသည်။ | | | |
| ၅-က | နိုင်ငံတကာ၏ထောက်ခံမှုကို တိုးမြှင့်ရရှိခြင်း၊ | | | |
| ၅-ခ | မြန်မာ့အကျပ်အတည်း အောင်မြင်အောင် ဖြေရှင်းနိုင်ရန်နှင့် မြန်မာ့အနာဂတ် ပြန်လည်ထူထောင်ရေးကို ကူညီနိုင်ရန် တရုတ်၊ ဂျပန်၊ အိန္ဒိယအပါအဝင် ကုလသမဂ္ဂနှင့် အနောက်နိုင်ငံကြီးများပါ ပါဝင်သော ပေါင်းစပ်ညှိနှိုင်းရေးယန္တရားတခု ဖော်ဆောင်နိုင်ခြင်း။ | | | |